**ပြည်ထောင်စုဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော်**

**နိုင်ငံတော်ကောင်စီ**

**ရန်ကုန်မြို့**

# ၁၉၇၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ

**[၁၉၇၈ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၁။]**

**၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်။**

**(၁၉၇၈ ခုနှစ်၊ မတ်လ ၂၈ ရက်။)**

အောက်ဖော်ပြပါဥပဒေကို ထုတ်ပြန်ကြေညာသည်။

နိဒါန်း

ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံ အနှစ် ၂၀ နှစ်ရှည် စီမံကိန်းနှင့် ဒုတိယ လေးနှစ်စီမံကိန်း လမ်းညွှန်မှုများတွင် ပါရှိသည့်ရည်မှန်းချက်နှင့် ဒုတိယလေးနှစ်စီမံကိန်း (၁၉၇၈-၇၉ မှ ၁၉၈၁-၈၂) တို့၏ ရည်မှန်းချက်များကို ရရှိစေရန်အလို့ငှာ၊ ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်း လိုက်သည်။

## အခန်း (၁)

## အမည်နှင့် စတင်အာဏာတည်သည့်နေ့ရက်

၁။ (က) ဤဥပဒေကို ၁၉၇၈ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှု ရည်မှန်းချက်များ ဆိုင်ရာဥပဒေဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ၁၉၇၈-၇၉ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၁၉၇၈ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှ စတင် အာဏာတည် ရမည်။

## အခန်း (၂)

## စီမံကိန်းရည်မှန်းချက်များကို အကောင်အထည်ဖော်ရေး

၂။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ပထမအစည်းအဝေးကအတည်ပြု ပြဋ္ဌာန်းခဲ့သော ဒုတိယလေးနှစ် စီမံကိန်းနှင့်အညီ ရေးဆွဲထားသည့် ဒုတိယလေးနှစ်စီမံကိန်း၏ ပထမနှစ်ဖြစ်သော ၁၉၇၈-၇၉ခု၊ ဘဏ္ဍာ ရေးနှစ်တွင် အောက်ပါဇယားရှိ ကဏ္ဍအလိုက် ရည်မှန်းချက်များကို ရရှိနိုင်ရန်ယင်းကဏ္ဍများနှင့် ယှဉ် တွဲဖော်ပြသော အဖွဲ့အစည်းများက စပ်ဟပ်ညှိနှိုင်း၍ ဆောင်ရွက်အကောင်အထည်ဖော်ကြရမည်။

(ပုံ) နေဝင်း

ဥက္ကဋ္ဌ၊

နိုင်ငံတော်ကောင်စီ၊



Myanmar Law Information System (MLIS)

ရန်ကုန်မြို့၊ ၁၃၃၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၅ ရက်။
(၁၉၇၈ ခုနှစ်၊ မတ်လ ၂၈ ရက်။)

အမိန့်အရ၊
(ပုံ) မြကျော်၊
ညွှန်ကြားရေးမှူးချုပ်၊
နိုင်ငံတော်ကောင်စီရုံး၊
ပြည်ထောင်စုဆိုရှယ်လစ်သမ္မတမြန်မာနိုင်ငံတော်။

----- Attachment -----

[ ပူးတွဲဖော်ပြသော စာရင်း 1 ] 01 ၁၉၇၈ ခုနှစ်၊ စီးပွားရေးစီမံကိန်း၏ ထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုရည်မှန်းချက်များဆိုင်ရာဥပဒေ၏နောက်ဆက်တွဲဇယား

Myanmar Law Information System (MLIS)